# " ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ"

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တက်ရောက်လာသော ဧည့်သည်တော်များ၊ လွှတ်တော်အရာထမ်း/အမှုထမ်းများအားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အရာတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝဏ္ဏ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ ဒုတိယအကြိမ် အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ပို့ဆောင်ရေး ကဏ္ဍနှင့်ပတ်သက်ပြီးတော့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ မော်တော်ယာဉ်များ မှတ်ပုံတင်တဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ လေ့လာမှုပြုခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့စစ်ကိုင်းတိုင်းဒေသကြီးရဲ့ရုံးအလိုက်မော်တော်ယာဉ်များ မှတ်ပုံတင်နိုင်တဲ့ ဌာနအနေနဲ့ (၅)ခုတွေ့ရမှာဖြစ်ပါတယ်။ နံပါတ်(၁)တိုင်းရုံး(မုံရွာ)၊ နံပါတ်(၂) ခရိုင်ရုံး(စစ်ကိုင်း)၊ နံပါတ်(၃)ခရိုင်ရုံး(ရွှေဘို)၊ နံပါတ်(၄)ခရိုင်ရုံး(ကလေး)၊ နံပါတ်(၅)ခရိုင်ရုံး(တမူး) ဆိုပြီးတော့ (၅)နေရာတွေ့ရပါတယ်။ ဒါပေမဲ့ ယင်းမာပင်ခရိုင်၊ ကသာခရိုင်၊ မော်လိုက်ခရိုင်နဲ့ ခန္တီးခရိုင်တို့မှာ ယာဉ်မှတ်ပုံတင်နိုင်သည့်ရုံး ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ယာဉ်အမျိုးအစားအလိုက် မှတ်ပုံတင် ဆောင်ရွက်ထားရှိနိုင်မှုမှာ လူစီးကုန်တင်ဝင်ပေ့၊ ကုန်တင်ဗင်လေး၊ ခရီးသည်ယာဉ် အခြား၊ ၂ဘီး၊ ၃ဘီး ထော်လာဂျီစက်ယန္တရား၊ နောက်တွဲ စုစုပေါင်း (၅၇၇၁၂၆)စီး ရှိတာကို တွေ့ရပါတယ်။

၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလအထိယာဉ်မောင်းလိုင်စင်စာရင်းမှာ (၁၅၈၉၃)ဦး သာရှိတာကို တွေ့ရှိရတဲ့အတွက် ယာဉ်စီးရေနှင့် လိုင်စင်ရရှိသူ အရေအတွက်ဟာ အင်မတန်လျော့နည်းနေတာကို တွေ့ရပါတယ်။

ယာဉ်မတော်တဆဖြစ်ပွားမှုအနေနဲ့ နှစ်အလိုက်ကြည့်ရှုမည်ဆိုလျှင် တစ်နှစ်ထက် တစ်နှစ်ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ ဆိုင်ကယ်အများစု အသုံးပြုနေသော စစ်ကိုင်းတိုင်းဒေသကြီးလမ်းမများပေါ်တွင် တစ်နေ့လျှင် တစ်ဦးနှုန်းထက်မနည်း သေဆုံးနေသည်ကို တွေ့ရပါတယ်။ ယာဉ်တိုက်မှုစာရင်းများအရ ၂၀၁၃ ခုနှစ်တွင် (၃၉၄)ဦး၊ ၂၀၁၄ ခုနှစ်တွင် (၄၀၅)ဦး၊ ၂၀၁၅ခုနှစ်တွင် (၄၃၆)ဦး၊ ၂၀၁၆ ခုနှစ်တွင် (၄၂၀)ဦး ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံး ခဲ့သည်ကို တွေ့ရပါတယ်။ မော်တော်ဆိုင်ကယ်များဆိုင်ကယ်စီး ဦးထုပ်ဆောင်းခြင်း၊ မေးသိုင်းကြိုးတပ်၍ စီးရန်အတွက် ပိုမိုထိရောက်သည့်ကြီးကြပ်ဆောင်ရွက်မှုတွေ ပြုလုပ်သင့်တယ်လို့ သုံးသပ်ရပါတယ်။

ချင်းတွင်းမြစ်အတွင်း မုံရွာအခြေပြု ပြေးဆွဲရေယာဉ်များ မတော်တဆ ဖြစ်မှုများကတော့ (၁၅.၁၀.၂၀၁၆)ရက်နေ့မှာ အောင်စိုးမိုးကျော်၊ (၁၀.၁၁.၂၀၁၆) ရက်နေ့မှာ လင်းလင်းအောင်၊ (၁.၁.၂၀၁၇) ရက်နေ့မှာ ရွှေဂုဏ်သူ၊ (၅.၁.၂၀၁၇) ရက်နေ့မှာ စိုးသူရအောင်(အစုန်)နှင့် ဂျိုးဝါ(အဆန်) ဖြစ်ပြီးတော့ (၃၁.၁.၂၀၁၇) ရက်နေ့မှာ ဟိန်းမင်း(အဆန်) နှင့် ပြည်တော်အေး (အစုန်)၊ (၁၅.၁.၂.၁၆) မှ (၃၁.၁.၂၀၁၇) ရက်နေ့အထိ စုစုပေါင်းရေယာဉ် (၈)စီးမတော်တဆ နစ်မြုပ်မှု ဖြစ်ပွားခဲ့ပါတယ်။ နောက်ထပ် (၁၄.၂.၂၀၁၇) ရက်နေ့မှာ မဲဒင်မှ မုံရွာသို့ အဆုန် မဲဒင်ကျွန်းအနီး ကုန်မော်တော်တစ်စီး နစ်မြုပ်ခဲ့ပြီးတော့ (၂၅.၂.၂၀၁၇) ရက်နေ့ တွင် မုံရွာမှ ဟုမ္မလင်းအဆန် နဒီရွှေလှိုင်းအမြန်ယာဉ်သည် ကနီမြို့နယ် အနီး ငုတ်ချောင်းရွာအနီးမှာ မီးလောင်မှုဖြစ်ပွားခဲ့တာကို တွေ့ရပါတယ်။ ရေယာဉ်အသင်းများဟာ ချင်းတွင်းမြစ်အတွင်း တိုက်ခိုက်နစ်မြုပ်မှု ဖြစ်ပွားနေသည့် အတွက် ရွှေပြည်ကမ္ဘာ ခရီးသည်တင်ရေယာဉ်အသင်းအား (၆)လ၊ အောင်စိုးမိုးရေယာဉ်အသင်း (၆)လ ခရီးသည်တင်ရေယာဉ်လိုင်းအား ပိတ်သိမ်းခဲ့တာကို တွေ့ရပါတယ်။ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းအရေးယူမှုမပြီးမခြင်း ယာယီပိတ်သိမ်းထားသည်ကို တွေ့ရှိရပြီးတော့ ၎င်းပိတ်သိမ်း ထားမှုကို ပိတ်သိမ်းခံထားရသည့် အောင်စိုးမိုးအသင်း၏ ရေယာဉ်(၈၃)စီး၊ ရွှေပြည်ကမ္ဘာအသင်းမှ (၁၇)စီးရှိပါတယ်။ ၎င်းရေယာဉ် အသင်းမှဂျိုးဝါနှင့် စိုးသူရအောင်(၂)စီးတိုက်ခိုက်မှုကြောင့် ရေယာဉ် (၁၀၀)စီးခန့် ပိတ်သိမ်းခံရသည်ကို တွေ့ရှိရပါတယ်။ ၎င်းနောက် ဟိန်းမင်းနှင့် ပြည်တော်အေး နှစ်စီးတိုက်ခိုက်မှုတွင်လည်း အရေးယူဆောင်ရွက်ဆဲဖြစ်တာကို တွေ့ရှိရပါတယ်။

ရေယာဉ်အများစုမှာ လိုင်စင်၊ စာရွက်စာတမ်း အပြည့်အစုံမပါရှိခြင်းကြောင့် ရေယာဉ် အမြောက်အများ အရေးယူခံထားရခြင်းများ ဖြစ်ပေါ်လျက်ရှိပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှာ ဝန်ထမ်းများဖြင့် ဖွဲ့စည်း ထားသဖြင့် ဝန်ထမ်းများမှာ မိမိလက်ရှိ လုပ်ကိုင်နေသော တာဝန်ကို တစ်ဖက်မှလုပ်ကိုင်နေရသဖြင့် ရေယာဉ် စည်းကမ်းထိန်းသိမ်းခြင်းအလုပ်မှာ အားနည်းချက်များရှိတာကို တွေ့ရပါတယ်။

ဆက်သွယ်ရေးဖုန်းတာဝါတိုင် တည်ဆောင်ရေးနှင့်ပတ်သက်ပြီး အချို့သော မြို့နယ်များမှာ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ကြန့်ကြာနေသည်ကို တွေ့ရပါသည်။ ပြဿနာများ ပေါ်ပေါက်နေသည့် တာဝါတိုင်တွေနဲ့ ပတ်သက်ပြီးတော့ ကိုယ်စားလှယ်များအနေဖြင့် အလွယ်တကူ ဖြေရှင်းနိုင်ရန် မြို့နယ်အလိုက် ကိုယ်စားလှယ်တော်ကြီးများထံ တိုင်အမှတ်၊ နေရာနှင့်တကွ ဆက်သွယ် ဆောင်ရွက်ရမည့် တာဝန်ခံများ၏အမည်၊ ဖုန်းနံပါတ်များ ဖြန့်ဝေပြီး ဖြစ်ပါတယ်။

မုံရွာမြို့အတွင်းမှာ မီးရထားလမ်းအကာအရံ ပြုလုပ်မှုအပေါ် တံခါး ပြုလုပ်ဖွင့်လှစ်ရန် လျာထားသည့် လမ်း(၄)လမ်းအပြင် ထန်းတောရပ်ကွက်နေ ပြည်သူများမှ လမ်း(၄)လမ်း ထပ်မံ တောင်းဆိုသည့်အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်

ကော်မတီသို့လည်းကောင်း အကြောင်းကြားမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ လမ်းပန်း ဝန်ကြီးနှင့် ညှိနှိုင်းရန် ကော်မတီအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။

၆.၂.၂၀၁၇ ရက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် မီးရထားတာဝန်ခံများ၊ ရပ်ကွက်နေပြည်သူများ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး မြန်မာ့မီးရထားတာဝန်ခံထံသို့ ပြည်သူ့ဆန္ဒနှင့်အညီ စည်းစနစ်ကျစွာဖွင့်လှစ်ထားနိုင်ရန်အတွက် ကော်မတီအနေဖြင့်မေတ္တာရပ်ခံစာ ပေးပို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကော်မတီသည် ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ပြည်သူကိုဗဟိုပြုသော ပြည်သူ့အကျိုးပြုသော ဥပဒေပြင်ဆင်ရေး၊ ဥပဒေရေးဆွဲရေးတို့တွင် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် တစ်တပ်တစ်အားပါဝင်ပြီး ပြည်သူများ လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများကို အထိရောက်ဆုံး ပါဝင်ကူညီဖြေရှင်းပေးနေရင်း စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော်၏ဂုဏ်ကို ဆက်လက်မြှင့်တင်နေမည်ဖြစ်ကြောင်း ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဦးဝဏ္ဏ**

**ဥက္ကဋ္ဌ**

**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**

**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**